# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

CONSTITUTIONAL TRIBUNAL

## မော်ဒိုက်သမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည့် အမှုအား လေ့လာတင်ပြခြင်း


စာတမ်းပြုစုသူ - ဒေါ်ခင်ရှုပ်ဦး
လက်ထောက်ညွှန်ကြားရေးမှူး
သုတေသနနှင့်လေ့ကျင့်ဌာနခွဲ

ဒေါ်လှဆန်းဝင်း
ဒုတိယဦးစီးမှူး
ဥပဒေဌာနခွဲ


၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်

## မော်ဒိုက်သမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည့် အမှုအား လေ့လာတင်ပြခြင်း

၁။ မော်ဒိုက်နိုင်ငံအကြောင်း

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းခဲ့သည့် ခုနှစ်များ

၃။ ဥပဒေပြုရေးကဏ္ဍ

၄။ အုပ်ချုပ်ရေးကဏ္ဍ

၅။ တရားစီရင်ရေးကဏ္ဍ

၆။ တရားလွှတ်တော်ချုပ်ဖွဲ့စည်းပုံ

၇။ တရားလွှတ်တော်ချုပ်၏စီရင်ပိုင်ခွင့်

၈။ မော်ဒိုက်တရားရုံးချုပ်က ဆုံးဖြတ်ခဲ့သည့်အမှု

၉။ အမှုဖြစ်အကြောင်းအရာအကျဉ်းချုပ်

၁၀။ ဆုံးဖြတ်ရန်အချက်များ

၁၁။ စီရင်ချက်

၁၂။ သုံးသပ်တင်ပြချက်

၁၃။ တရားလွှတ်တော်ချုပ်၏စီရင်ချက်တွင်ကိုးကားခဲ့သည့်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မများအား အသေးစိတ်တင်ပြခြင်း

## မော်ဒိုက်သမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည့် အမှုအား လေ့လာတင်ပြခြင်း

### ၁။ မော်ဒိုက်နိုင်ငံအကြောင်း

မော်ဒိုက်နိုင်ငံ၏ တရားဝင်အမည်မှာ မော်ဒိုက်သမ္မတနိုင်ငံဖြစ်ပြီး အိန္ဒိယသမုဒ္ဒရာ အတွင်းမှ ကျွန်းနိုင်ငံ တစ်နိုင်ငံ ဖြစ်သည်။ သီရိလင်္ကာနိုင်ငံ၏ အနောက် တောင်ဘက် ၄၃၅မိုင် ၇၀၀ ကီလိုမီတာအကွာ နှင့် အိန္ဒိယနိုင်ငံ ၏ အနောက်တောင်ဘက် ၂၅၀ မိုင် အကွာတွင် တည်ရှိသည်။ မော်ဒိုက်နိုင်ငံတွင် သန္တာကျွန်း ၂၆ ကျွန်းရှိပြီး ကျွန်းပေါင်း ၁၂၀၀ ကျော် ပါဝင်ပါသည်။ ကုန်းမြေဧရိယာအရသော် လည်းကောင်း၊ လူဦးရေအရသော်လည်းကောင်းအသေးငယ်ဆုံး အာရှနိုင်ငံလည်း ဖြစ်ပါသည်။ လှပသည့် ကမ်းခြေများကို ပိုင်ဆိုင်ထားပြီး ခရီးသွားလုပ်ငန်းတွင် ထင်ရှားသည့် မော်ဒိုက်နိုင်ငံသည် ကမ္ဘာ့နယ်မြေ အကျဉ်းဆုံး နိုင်ငံများ စာရင်းတွင် ပါဝင်ပါသည်။ မော်ဒိုက်နိုင်ငံသည် ပင်လယ်ရေမျက်နှာပြင် အထက် ၄ ပေရှိပြီး အမြင့်ဆုံးနေရာ အမှတ်သည်ပင် ၇ ပေ ၁၀ လက်မသာရှိ၍ ကမ္ဘာပေါ်တွင် အနိမ့်ဆုံးနိုင်ငံဖြစ်သည်။ နိုင်ငံ၏ အကျယ်အဝန်းမှာ ၁၁၅ စတုရန်းမိုင်သာ ကျယ်ဝန်းပြီး လူဦးရေမှာ ၃၉၆, ၃၃၄ ဖြစ်သည်။ မြို့တော်မှာ မာလီမြို့ဖြစ်သည်။ ကိုးကွယ်သည့်ဘာသာမှာ အစ္စလာမ်ဘာသာဖြစ်ပါသည်။

မော်ဒိုက်သမ္မတနိုင်ငံသည် အစ္စလာမ်ဥပဒေ(Sharia Law) မူသဘောတရားများကို အခြေခံပြီး လွတ်လပ်သောအချုပ်အခြာအာဏာပိုင်ဆိုင်သည့် ဒီမိုကရက်တစ်သမ္မတနိုင်ငံဖြစ်ပါသည်။ မော်ဒိုက်သမ္မတနိုင်ငံသည် တစ်ပြည်ထောင်နိုင်ငံဖြစ်ပြီး ကျင့်သုံးသည့် ဥပဒေစနစ်မှာ Mixed Common Law System (Sharia Law and Common Law) ဖြစ်ပါသည်။ မော်ဒိုက်နိုင်ငံတွင် အစ္စလာမ်ဘာသာကို ဆန့်ကျင်သည့် မည်သည့်ဥပဒေကိုမဆို ပြဋ္ဌာန်းခွင့် မပြု ဟူ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

၁၆ ရာစုအလယ်ပိုင်းမှစ၍ ဥရောပ ကိုလိုနီပြု နိုင်ငံများ၏ လွှမ်းမိုးမှုကို ခံရပြီး၊ ၁၈၈၇ တွင် ဗြိတိသျှ ကိုလိုနီ လက်အောက်ခံ နိုင်ငံ ဖြစ်လာပါသည်။ ၁၉၆၅ တွင် ဗြိတိန်က လွတ်လပ်ရေး ပေးပြီး သမ္မတ ရွေးကောက်ကာ သမ္မတနိုင်ငံ ထူထောင်လိုက်ပါသည်။ နောင်ပိုင်း ဆယ်စုနှစ်များစွာတွင် နိုင်ငံရေး မတည်ငြိမ်ခြင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းခြင်း နှင့် ရာသီဥတု ပြောင်းလဲခြင်းကြောင့် သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်နေရခြင်းတို့ကြောင့် လူသိများလာသည်။

မော်ဒိုက်နိုင်ငံသည် တောင်အာရှနိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေး အသင်း ( South Asian Association for Regional Cooperation – SAARC) တို့၏ အဖွဲ့ဝင် နိုင်ငံဖြစ်သည်။ ကုလသမဂ္ဂ၊ အစ္စလာမ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Organization of Islamic Cooperation)နှင့် ဘက်မ

လိုက် လှုပ်ရှားမှုအဖွဲ့(Non Aligned Movement) တို့တွင်လည်း အဖွဲ့ဝင် ဖြစ်သည်။ ကမ္ဘာ့ဘဏ်က မော်လဒိုက်ကို အလယ်အလတ် ဝင်ငွေ ရရှိသော အထက်တန်း စီးပွားရေး ရှိသည်ဟု သတ်မှတ်ထားပါသည်။ ငါးဖမ်းလုပ်ငန်းကို ရှေးယခင်ကတည်းက ကြီးကျယ်စွာ လုပ်ကိုင်လာပြီး၊ ယခုအခါ ခရီးသွားလုပ်ငန်းလည်း လျင်မြန်စွာ တိုးတက်လာသည်။ လူသား ဖွံ့ဖြိုးမှုအညွှန်းကိန်း မြင့်မားသည်ဟု သတ်မှတ်ခံရသော တောင်အာရှ နိုင်ငံ ၂ နိုင်ငံတွင် ပါဝင်ပြီး သီရိလင်္ကာနိုင်ငံနှင့် အပြိုင်ဖြစ်သည်။ မော်ဒိုက်နိုင်ငံသည် ၁၉၈၂ ခုနှစ် ဇူလိုင်လကတည်းက ဓနသဟာရ (Commonwealth republic)အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သော်လည်း အကျင့်ပျက်ခြစားခြင်း နှင့် လူ့အခွင့်အရေးနှင့် ပတ်သက်၍ ၎င်း၏ မှတ်တမ်းများကို နိုင်ငံတကာက ဝေဖန်မှုကို ဆန့်ကျင်သည့်အနေဖြင့် အောက်တိုဘာ ၂၀၁၆ တွင် ဓနသဟာယ အဖွဲ့မှ နုတ်ထွက်လိုက်သည်။

## ၂။ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြဋ္ဌာန်းခဲ့သည့်ခုနှစ်များ

မော်ဒိုက်သမ္မတနိုင်ငံ၏ ပထမဦးဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၃၂ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းနောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၄၂ ခုနှစ်၊ ၁၉၅၃ ခုနှစ်၊ ၁၉၅၄ ခုနှစ်၊ ၁၉၆၈ ခုနှစ်၊ ၁၉၉၇ ခုနှစ် တို့တွင်ပြဋ္ဌာန်းခဲ့ပြီး လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

## ၃။ ဥပဒေပြုရေးကဏ္ဍ

မော်ဒိုက်သမ္မတနိုင်ငံ၏ ဥပဒေပြုခွင့်အာဏာကို တစ်ခုတည်းသော ပြည်သူ့လွှတ်တော် (The People’s Majlis) ထံ အပ်နှင်းထားပြီး လွှတ်တော်ကိုယ်စားလှယ် ၈၇ ဦးဖြင့် ဖွဲ့စည်းထားပါသည်။ မော်ဒိုက်နိုင်ငံတွင် အုပ်ချုပ်ရေးနယ်မြေဒေသများ စုစုပေါင်းနယ်မြေ (၂၁) ခုရှိပြီး ယင်းနယ်မြေအသီးသီးအတွက် ကိုယ်စားလှယ်များရွေးချယ်ရာတွင် ၎င်းနယ်မြေများ၌ နေထိုင်သူ လူဦးရေ ၅၀၀၀ အတွက် ကိုယ်စားလှယ် (၂)ဦးစီ သို့မဟုတ် လူဦးရေငါးထောင်ထက်နည်းသော နယ်မြေဒေသများအတွက် ကိုယ်စားလှယ် (၂)ဦးစီ နှင့် လူဦးရေငါးထောင်ထက်ကျော်လွန်နေသော နယ်မြေများတွင် နောက်ထပ် ကိုယ်စားလှယ်(၁)ဦးစီ ဖြင့် ရွေးချယ်တင်မြှောက်ထားပါသည်။

ပြည်သူ့လွှတ်တော် (The People’s Majlis)၏ သက်တမ်းမှာ (၅)နှစ်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို လွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ရာတွင် မော်ဒိုက်နိုင်ငံသားအသက် (၁၈)နှစ်ပြည့်ပြီး မူဆလင်တစ်ဦးဖြစ်သူ၊ နိုင်ငံခြားသား မဟုတ်သူ၊ ဆွန်နီမူဆလင်တစ်ဦး ဖြစ်ရမည် ဟု ပြဋ္ဌာန်းထားပါသည်။

## ၄။ အုပ်ချုပ်ရေးကဏ္ဍ

မော်ဒိုက်နိုင်ငံ၏ အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတထံအပ်နှင်းထားပြီး နိုင်ငံတော်သမ္မတသည် နိုင်ငံ့အကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲနှင့် လက်နက်ကိုင်တပ်ဖွဲ့ အားလုံး၏ ကာကွယ်ရေးဦးစီးချုပ်လည်းဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသက်တမ်းမှာ(၅) နှစ်ဖြစ်ပြီး (၂) ကြိမ်ထက်ပို၍ တာဝန်ထမ်းဆောင်ခွင့်မရှိချေ။ နိုင်ငံတော်သမ္မတကို ပြည်သူလူထုက တိုက်ရိုက်ရွေးချယ်တင်မြှောက်ပြီး မဲရာခိုင်နှုန်း ၅၀%ကျော် ရရှိသူအား သမ္မတအဖြစ် တင်မြှောက် ပါသည်။ အကယ်၍ ကိုယ်စားလှယ်လောင်းတစ်ဦးကမှ မဲအများစု မရရှိပါက ပထမ အကြိမ် ရွေးကောက်ပွဲအပြီး ရက်ပေါင်း နှစ်ဆယ်အတွင်း တစ်ကျော့ပြန်ရွေးကောက်ပွဲကို ကျင်းပရမည်ဖြစ်သည်။ တကျော့ပြန် ရွေးကောက်ပွဲတွင် ပထမအကြိမ် ရွေးကောက်ပွဲ၌ မဲအများ ဆုံးရရှိသူ ကိုယ်စားလှယ်နှစ်ဦးကသာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မော်ဒိုက်သမ္မတနိုင်ငံ၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများကို နိုင်ငံတော်သမ္မတက ခန့်အပ်ပြီး အစိုးရအဖွဲ့တွင် ဒုတိယသမ္မတ၊ ဝန်ကြီးများနှင့် ရှေ့နေချုပ်တို့ပါဝင်ပါသည်။ နိုင်ငံတော်သမ္မတသည် ဒုတိယသမ္မတမှလွဲ၍ ကျန်ရှိသည့် အစိုးရအဖွဲ့ဝင်အားလုံးကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခန့်အပ် တာဝန်ပေးရမည်။ အစိုးရအဖွဲ့ဝင်ဝန်ကြီးများသည် တစ်ဦးချင်းစီ သော်လည်းကောင်း၊ အဖွဲ့ဖြင့်သော်လည်းကောင်း နိုင်ငံတော်သမ္မတနှင့် ပြည်သူ့လွှတ်တော်တို့ကို တာဝန်ခံရပါသည်။

## ၅။ တရားစီရင်ရေးကဏ္ဍ

မော်ဒိုက်သမ္မတနိုင်ငံ၏ တရားစီရင်ရေးအာဏာကို တရားရုံးချုပ်၊ တရားလွှတ်တော်နှင့် ဥပဒေအရ တည်ထောင်သော အခြားတရားရုံးများထံ အပ်နှင်းထားပြီး တရားလွှတ်တော်ချုပ်သည် အမြင့်ဆုံးတရားရုံးဖြစ်ပါသည်။ ထို့ပြင် မော်ဒိုက်နိုင်ငံတွင် တရားမတရားရုံး(Civil Court) ၊ ပြစ်မှုတရားရုံး (Criminal Court)၊ မိသားစုတရားရုံး(Family Court)နှင့် ကလေးသူငယ် တရားရုံး (Juvenile Court) များလည်းရှိပါသည်။

## ၆။ တရားလွှတ်တော်ချုပ်ဖွဲ့စည်းပုံ

တရားလွှတ်တော်ချုပ်ကို တရားသူကြီးချုပ်အပါအဝင် တရားသူကြီး (၇)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ တရားသူကြီးချုပ်တစ်ဦးအဖြစ် ခန့်အပ်ရန်အတွက် နိုင်ငံတော်သမ္မတက တရားစီရင်ရေးဆိုင်ရာဝန်ဆောင်မှုကော်မရှင်နှင့် ညှိနှိုင်းပြီးနောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ထောက်ခံအတည်ပြုချက်ဖြင့် ရွေးချယ်ခန့်အပ်ရမည်။ တရားလွှတ်တော်ချုပ် တရားသူကြီးများကိုလည်း နိုင်ငံတော်သမ္မတက တရားသူကြီးချုပ်ခန့်အပ်ခြင်းနည်းတူ ရွေးချယ်ခန့်အပ်

ပါသည်။ တရားသူကြီးချုပ်နှင့် တရားသူကြီးများ၏ တာဝန်ထမ်းဆောင်ရမည့် သက်တမ်းကို သတ်မှတ်ထားခြင်းမရှိဘဲ အသက်(၇၀)အထိ တာဝန်ထမ်းဆောင်နိုင်ပါသည်။

တရားလွှတ်တော်ချုပ်တရားသူကြီးဖြစ်ရန်အတွက် လိုအပ်သည့်သတ်မှတ်အရည်အချင်းများမှာ– အနည်းဆုံးအသက် (၃၀)နှစ် ပြည့်ပြီးသူ၊ တရားသူကြီးအဖြစ် သို့မဟုတ် ရှေ့နေအဖြစ် လုပ်သက်အတွေ့အကြုံအနည်းဆုံး (၇) နှစ်ရှိသူ၊ အစ္စလာမ်ရှရီရာဥပဒေ သို့မဟုတ် အခြား ဥပဒေပညာတွင် အသိပညာဗဟုသုတရှိသူ ဖြစ်ရမည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များအရ ဖွဲ့စည်းတည်ထောင်ထားရှိသော အခြားတရားရုံးများ၏ တရားသူကြီးများကို တရားစီရင်ရေးဆိုင်ရာ ဝန်ဆောင်မှုကော်မရှင်က ခန့်အပ်ပါသည်။

တရားလွှတ်တော်ချုပ်ရှေ့မှောက်သို့ ရောက်ရှိလာသော အမှုများကို စီရင်ဆုံးဖြတ်ရာတွင် တရားသူကြီးများ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ပါသည်။ အများပြည်သူဆိုင်ရာ လုပ်ငန်းဆောင်တာများကို လုပ်ဆောင်နေရသည့် တာဝန်ရှိသူများ သို့မဟုတ် အခြားမည်သည့် ပုဂ္ဂိုလ်မဆို တရားရုံးများ၏ ဆောင်ရွက်ချက်များတွင် ဝင်ရောက်စွက်ဖက်ခြင်းနှင့် ဩဇာလွှမ်းမိုးခြင်းမပြုရ ဟူ၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားပါသည်။

## ၇။ တရားလွှတ်တော်ချုပ်စီရင်ပိုင်ခွင့်

မော်ဒိုက်သမ္မတနိုင်ငံ တရားလွှတ်တော်ချုပ်က စီရင်ဆုံးဖြတ်နိုင်သည့် ကိစ္စရပ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်–

(က) ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားသော မည်သည့်ဥပဒေကိုမဆို သို့မဟုတ် ဥပဒေ၏ မည်သည့် အစိတ်အပိုင်းကိုမဆို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/ မရှိ စိစစ်ရန် အခွင့်အာဏာရှိခြင်း၊

(ခ) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ရာထူးနေရာလစ်လပ်ခြင်း၊ ရာထူးမှ ဖယ်ရှားခြင်း သို့မဟုတ် အခြားအရည်အချင်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသည့် ပြဿနာရပ်များကို ဆုံးဖြတ်ပေးခြင်း၊

(ဂ) ပြည်သူ့လွှတ်တော်က သမ္မတအား ရာထူးမှဖယ်ရှားခြင်း၊ ဒုတိယသမ္မတအဖြစ် ရွေးချယ်ခြင်း၊ သမ္မတလောင်းအဖြစ်ဝင်ရောက်အရွေးခံခြင်း၊ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံမှုမရှိခြင်း၊ အခြားအရည်အချင်းများနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသော အငြင်းပွားမှုများကို အဆုံးအဖြတ်ပေးခြင်း၊

(ဃ) အရေးပေါ်ကာလတွင် ထုတ်ပြန်ထားသော အမိန့် သို့မဟုတ် ဥပဒေတစ်ရပ်ရပ် သို့မဟုတ် ကြေညာချက်တစ်ခုခု၏ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊တစ်ခုလုံး သော်လည်းကောင်း တရားဝင်ဖြစ်မှုနှင့်ပတ်သက်၍ ပေါ်ပေါက်လာသော အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(င) နိုင်ငံ၏ အဖွဲ့အစည်းများအကြား သို့မဟုတ် အာဏာနှစ်ရပ်အကြား ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းချက်များကို ကျင့်သုံးအကောင်အထည်ဖော်ခြင်းနှင့် အနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသော အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊

(စ) နိုင်ငံ၏ အများပြည်သူအကျိုးစီးပွားနှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ပြဿနာများကို ဆုံးဖြတ်ခြင်း၊

(ဆ) ပြည်သူ့လွှတ်တော်က ဥပဒေတစ်ခုသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ခိုင်လုံသည် မခိုင်လုံသည်ဟူသော ကိစ္စရပ်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆို ခြင်းအပါအဝင် ဥပဒေဆိုင်ရာအရေးကြီးကိစ္စရပ်များကို ဆုံးဖြတ်ပေးရန် တရား လွှတ်တော်ချုပ်ထံ လွှဲအပ်လာမှုအပေါ် အကြံဉာဏ်ပေးခြင်း၊

(ဇ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိသော ပြည်သူ့လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦး၏ ဆောင်ရွက်ချက် သို့မဟုတ် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ တရားမဝင်ကြောင်း ကြေညာခြင်း၊

(ဈ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်သောဆောင်ရွက်ချက်များ သို့မဟုတ် စည်းမျဉ်း စည်းကမ်းများနှင့် ပြဋ္ဌာန်းချက်များကြောင့် လူတစ်ဦးကိုဖြစ်စေ အဖွဲ့အစည်းကို ဖြစ်စေ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်လျှင် ယင်းတို့အတွက် လျော်ကြေး ပေးရန် အမိန့် ချမှတ်ခြင်း၊

(ည) ဥပဒေတစ်ရပ်ရပ် သို့မဟုတ် စည်းမျဉ်းစည်းကမ်းတစ်ခုခု သို့မဟုတ် ပြုလုပ်မှု တစ်ခုခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက အဆိုပါ ညီညွတ် ခြင်းမရှိသည်များကို အခွင့်ရှိသူအာဏာပိုင်က ပြန်လည်ပြင်ဆင်ပြီးသည့် အချိန် ကာလ အတိုင်းအတာတစ်ခုအထိ သတ်မှတ်ချက်ထား၍ အဆိုပါပြုလုပ်မှု သို့မဟုတ် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေတို့၏ အာဏာသက်ဝင်မှုကို ရပ်ဆိုင်းထား သည့် ကြေညာချက်ကို ထုတ်ပြန်နိုင်ခြင်း၊

(ဍ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိသော အများပြည်သူ ဆိုင်ရာ လုပ်ငန်း ဆောင်တာများ ဆောင်ရွက်နေသည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦး၏ ဆောင်ရွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်၊ အမိန့်များနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်၊ စည်းမျဉ်းစည်းကမ်း သို့မဟုတ် အစိတ်အပိုင်း တစ်ခုခု၏ တရားမဝင်ကြောင်း ကြေညာချက်အား နောက်ကြောင်းပြန် ဆောင်ရွက်ခွင့် (retrospective effect) ကို ကန့်သတ်သည့် အမိန့် ထုတ်ပြန်နိုင်ခြင်း တို့ဖြစ်ပါသည်။

## ၈။ မော်ဒိုက်တရားလွှတ်တော်ချုပ်က ဆုံးဖြတ်ခဲ့သည့်အမှု

**Mohamed Fahmy Hassan v People's Majlis (State)**

| | | |
|---|---|---|
| အမှုအမှတ် | – | ၃၅ /၂၀၁၂ |
| လျှောက်ထားသူ | – | Mohamed Fahmy Hassan |
| လျှောက်ထားခံရသူ | – | People's Majlis (State) |
| အမှုသဘောသဘာဝ | – | ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်စပ်လျဉ်းသည့်ကိစ္စ |
| ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ | – | ၂၀၁၃ ခုနှစ် မတ်လ ၁၄ ရက် |
| ရုံးထိုင်သည့်တရားသူကြီးများ | – | Ahmed Faiz Hussain (တရားသူကြီးချုပ်), တရားသူကြီးများ ဖြစ်ကြသည့် Abdhullah Saeed, Abdhulla Areef, Ali Hameed Mohamed, Adam Mohamed Abhdulla, Dr. Ahmed Abdhulla Didi နှင့် Ahmed Muthasim Adnan. |

## ၉။ အမှုဖြစ်အကြောင်းအရာအကျဉ်းချုပ်

လျှောက်ထားသူ Mohamed Fahmy Hassan သည် မော်ဒိုက်နိုင်ငံ၏ နိုင်ငံ့ဝန်ထမ်း ကော်မရှင် ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး အမျိုးသမီးဝန်ထမ်းတစ်ဦးက ၎င်းကို လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်သည် (Sexual harassment) ဟု စွပ်စွဲကာ ပြည်သူ့လွှတ်တော် (People's Majlis) ၏ ကော်မတီ တစ်ရပ် ဖြစ်သော လွတ်လပ်သည့် အဖွဲ့အစည်းများကော်မတီထံ တိုင်ကြားခဲ့ပါသည်။ ယင်းတိုင်ကြားချက်ကို လွတ်လပ်သည့် အဖွဲ့အစည်းများကော်မတီက စုံစမ်း စစ်ဆေးပြီးနောက် Mohamed Fahmy Hassan အား နိုင်ငံ့ဝန်ထမ်းကော်မရှင် ဥက္ကဋ္ဌအဖြစ်မှ ရပ်စဲရန် ပြည်သူ့လွှတ်တော် (People's Majlis)တွင် မဲခွဲဆုံးဖြတ်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် အများစုက သဘောတူထောက်ခံခဲ့သဖြင့် Mohamed Fahmy Hassanအား နိုင်ငံ့ဝန်ထမ်း ကော်မရှင်ဥက္ကဋ္ဌရာထူးမှ ဖယ်ရှားခဲ့ပါသည်။

Mohamed Fahmy Hassanသည် ၎င်းအား နိုင်ငံ့ဝန်ထမ်းကော်မရှင် ဥက္ကဋ္ဌအဖြစ်မှ ဖယ်ရှားခဲ့သည့်အတွက် မော်ဒိုက်တရားလွှတ်တော်ချုပ်ထံသို့ ၎င်းအား နိုင်ငံ့ဝန်ထမ်းကော်မရှင် ဥက္ကဋ္ဌအဖြစ်မှ ဖယ်ရှားခဲ့သည့် ဆုံးဖြတ်ချက်အပေါ် တရားစီရင်ရေးဆိုင်ရာ ပြန်လည် သုံးသပ်ပေးရန် တင်သွင်းသည့် အမှုဖြစ်ပါသည်။

ပြည်သူ့လွှတ်တော် (People's Majlis) ၏ ကော်မတီတစ်ရပ်က ၎င်းအပေါ် ပြစ်မှုကြောင်း အရစွဲဆိုရန် ဆောင်ရွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံနှင့် ညီညွတ်မှုမရှိကြောင်းနှင့် ၎င်းအား နိုင်ငံ့ဝန်ထမ်းကော်မရှင် ဥက္ကဋ္ဌရာထူးမှဖယ်ရှားရန် ပြည်သူ့လွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခဲ့သော ကော်မတီ၏ဆောင်ရွက်ချက်သည် ပုဒ်မ (၈)၊ ပုဒ်မ၁၇(က)၊ ပုဒ်မ(၂၀) ၊ ပုဒ်မ ၄၂ ၊ ပုဒ်မ ၄၃(က) နှင့် ပုဒ်မ ၅၁ (ဇ)တို့နှင့် ညီညွတ်ခြင်း မရှိသည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေသည့်အတွက် ပျက်ပြယ်ကြောင်း ကြေညာပေးပါရန် လျှောက်ထားသူက တောင်းဆိုသဖြင့် မော်ဒိုက်တရားလွှတ်တော်ချုပ်က ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၃ (ခ) တွင် ပြဋ္ဌာန်းထားသည့် "စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ဆောင်ချက်ကြောင့် ဆိုးရွားစွာ ထိခိုက် နစ်နာခဲ့ရသူ မည်သူမဆို စာဖြင့် တင်ပြပိုင်ခွင့်ရှိသည်" ဟူသော ပြဋ္ဌာန်းချက် နှင့် ပုဒ်မ ၄၃ (ဂ) တွင် "ပုဂ္ဂိုလ်တစ်ဦး၊ အုပ်စု တစ်စု သို့မဟုတ် အဖွဲ့အစည်း တစ်ခု၏ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ဆောင်ချက်ကြောင့် ဆိုးရွားစွာ ထိခိုက်လာပါက ထိုပုဂ္ဂိုလ်၊ အဖွဲ့အစည်း တစ်ခု သို့မဟုတ် ယင်းလုပ်ရပ်ကြောင့် တိုက်ရိုက် ထိခိုက်ခံရသည့် မည်သူမဆို ယင်းကိစ္စနှင့် စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားခွင့်ရှိသည်" ဟူသော ပြဋ္ဌာန်းချက်တို့အရ အမှုကို ပြန်လည်သုံးသပ် ခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈ တွင် "နိုင်ငံတော်၏ အာဏာများကို ဤဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ကျင့်သုံးရမည်" ဟုလည်းကောင်း၊ ပုဒ်မ ၁၇ (က) တွင် "လူတိုင်းသည် လူမျိုး၊ မျိုးရိုးဇာတိ၊ အသားအရောင်၊ ကျား/မ၊ အသက်၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု၊ နိုင်ငံရေး သို့မဟုတ် အခြားထင်မြင်ချက်၊ ပိုင်ဆိုင်မှု၊ မွေးဖွားခြင်း သို့မဟုတ် အခြား အခြေအနေ သို့မဟုတ် မွေးဖွားရာကျွန်း အပါအဝင် မည်သည့် အကြောင်းအရာနှင့်မျှ ခွဲခြား ဆက်ဆံခြင်းမပြုဘဲ ဤအခန်းတွင်ပါရှိသော အခွင့်အရေးနှင့်လွတ်လပ်ခွင့်များကို ခံစားခွင့်ရှိသည်" ဟု လည်းကောင်း၊ ပုဒ်မ ၂၀ တွင် "လူတစ်ဦးချင်းစီသည် ဥပဒေ ရှေ့မှောက် တွင် တန်းတူရည်တူဖြစ်ပြီး ဥပဒေအရ အကာအကွယ်ပေးမှုကိုလည်း သာတူညီမျှ အကျိုးခံစားခွင့်ရှိသည်" ဟုလည်းကောင်း ၊ ပုဒ်မ ၄၂ တွင် "နိုင်ငံသားအခွင့်အရေးနှင့် တာဝန်ဝတ္တရားများ သို့မဟုတ် ပြစ်မှုဆိုင်ရာ စွဲချက် တစ်ခုခုကို ဆုံးဖြတ်ရာတွင် လူတိုင်းသည် ဥပဒေအရ တည်ထောင် ထားသော လွတ်လပ်သော တရားရုံး သို့မဟုတ် ခုံရုံးမှ သင့်လျော်သော အချိန်တစ်ခုအတွင်း လူတိုင်းတရားမျှတသော အများ ပြည်သူ ဆိုင်ရာကြားနာမှုကို ခံစားခွင့်ရှိသည်"ဟုလည်းကောင်း ၊ ပုဒ်မ ၄၃ (က) တွင် "လူတိုင်းတွင် တရားဥပဒေ၊ လုပ်ထုံးလုပ်နည်းအရ တရားမျှတပြီး မြန်ဆန်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အရေးယူ

ဆောင်ရွက်ပိုင်ခွင့်ရှိသည်” ဟုလည်းကောင်း၊ ပုဒ်မ၅၁(ဇ)တွင် ပြဋ္ဌာန်းထားသည့် ကျိုးကြောင်းဆီလျော်သော သံသယကျော်လွန်၍ တရားခံတစ်ဦးအား ပြစ်မှုကျူးလွန်ကြောင်း သက်သေထင်ရှားပြနိုင်ခြင်း မရှိမီ ၎င်းသည် အပြစ်ကင်းသည်ဟု မှတ်ယူရန်” ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားပါသည်။

လျှောက်ထားခံရသူ ပြည်သူ့လွှတ်တော်က တင်ပြရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၇ တွင် နိုင်ငံ့ဝန်ထမ်းကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးကို ရာထူးမှ ဖယ်ရှားခြင်းနှင့် စပ်လျဉ်း၍ “ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်က နိုင်ငံ့ဝန်ထမ်းကော်မရှင် အဖွဲ့ဝင်တစ်ဦးဦးသည် အကျင့်သိက္ခာပျက်ပြားခြင်း၊ အရည်အချင်းပျက်ယွင်းခြင်းနှင့် သတ်မှတ်အရည်အချင်း မပြည့်စုံခြင်းတို့ကို တွေ့ရှိရပါက အဆိုပါတွေ့ရှိချက်အပေါ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကိုယ်စားလှယ်အများစု၏ ထောက်ခံအတည်ပြုချက်ဖြင့် ရာထူးမှဖယ်ရှားနိုင်ပြီး ယင်းအဖွဲ့ဝင်သည်လည်း ရာထူးမှ ဖယ်ရှားခြင်းခံရသည်ဟု မှတ်ယူရမည်” ဟု ပြဋ္ဌာန်းထားရာ အဆိုပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူ့လွှတ်တော်ကို ပေးအပ်ထားသည့် အာဏာများအရ လွှတ်တော်တွင် မဲခွဲဆုံးဖြတ်၍ လျှောက်ထားသူအပေါ်ချမှတ်သည့်ဆုံးဖြတ်ချက်သည် တရားဝင်အတည်ဖြစ်သည့်အတွက် မည်သည့် တရားရုံးတွင်မျှ ထပ်မံဖြေရှင်းဆောင်ရွက်ခြင်းမပြုရ ဟူသောအချက်အား လျှောက်ထားခံရသူမှ တင်ပြခဲ့ပါသည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၈၈ တွင် ပြည်သူ့လွှတ်တော်၏ လုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်၌ “ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းဖြင့် သတ်မှတ်ထားခြင်းမရှိပါက၊ ပြည်သူ့လွှတ်တော်တွင် တရားစွဲဆိုမှုများ၏ တရားဝင်ဖြစ်မှုကို မည်သည့် တရားရုံးတွင်မျှ စစ်ဆေးမေးမြန်းခြင်းမပြုရ” ဟု ပြဋ္ဌာန်းထားရာ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်သည် ပြည်သူ့လွှတ်တော်၏ လုပ်ငန်းစဉ်နှင့်သက်ဆိုင်သည့် ကိစ္စရပ်သာဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

## ၁၀။ ဆုံးဖြတ်ရန်အချက်များ

(က) တရားလွှတ်တော်ချုပ်က ၎င်း၏ မူလတရားစီရင်ပိုင်ခွင့်အရ အမှုကို ပြန်လည်သုံးသပ်ရန် ဆုံးဖြတ်ခဲ့ခြင်းမှာ ထင်ရှားပါသည်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်၏ ကန့်ကွက်ချက်ကို လက်ခံနိုင်မည် မဟုတ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

(ခ) ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်တွင် ရာဇသတ်ကြီးနှင့် ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ အခြေခံမူများနှင့်အညီ အရေးယူဆောင်ရွက်ခြင်းသည် ပြစ်မှုကြောင်းအရ အရေးယူနိုင်သော ပြုလုပ်မှုများအတွက် ပြစ်ဒဏ်ချမှတ်ရာတွင် တစ်ဦးချင်းအခွင့်အရေးအတွက် အခြေခံအာမခံချက်ဖြစ်သည်။

(ဂ) ပြစ်မှုဖြင့် သံသယရှိသူကို ဥပဒေနှင့်အညီ တရားရုံးတစ်ခုခု၏ တရားသူကြီးက ချမှတ်သည့် ပြစ်ဒဏ်မှလွဲ၍အခြားပြစ်ဒဏ်ချမှတ်ခြင်း မပြုနိုင်ပေ။ စွပ်စွဲခံရသူသည် ပြစ်မှုကျူးလွန်ကြောင်း သက်သေမပြနိုင်လျှင် ၎င်းမှာအပြစ်ကင်းစင်ကြောင်း တင်ပြနိုင်ခွင့်ကို ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားသည်။

(ဃ) ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်တွင် ပြစ်မှုဆိုင်ရာအမှု တစ်ခုကို အရေးယူဆောင်ရွက်နေချိန်တွင် စည်းကမ်းသေဝပ်မှုနှင့်ဆိုင်သော စနစ်ဖြင့် စွပ်စွဲခံရသူအပေါ် တူညီသော ပြစ်မှုအတွက် စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် အခြား စနစ်ဖြင့် စုံစမ်း စစ်ဆေးခြင်းတို့သည် ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးသည့် မူသဘောတရားများကို ချိုးဖောက်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်မှုဆိုင်ရာစစ်ဆေးစီရင်ခြင်း နှင့် ပြစ်မှုနှင့် စွပ်စွဲခံရသူတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် အခွင့်အရေးများကို ဖောက်ဖျက်ခြင်းပင် ဖြစ်သည်။

(င) ပြည်သူ့အကျိုးစီးပွားနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင် ပြစ်မှုတစ်ခုအား အပြီးသတ်ဆောင်ရွက် မပြီးခင်အချိန်၌ ပြစ်မှုအမျိုးအစားနှင့် သဘော သဘာဝကို အခြေခံ၍ စည်းကမ်းနှင့်ဆိုင်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်နိုင်သော်လည်း တရားခံအပေါ် ပြစ်မှုတစ်ခုတည်းအပေါ်၌ နှစ်ကြိမ် စစ်ဆေး စီရင်မှုကို ဖြစ်စေနိုင်သောကြောင့် ပြစ်မှုကျူးလွန်သူကို ပြစ်မှုကြောင်းအရ အရေးယူပိုင်ခွင့် မဆုံးရှုံးစေသော နည်းဖြင့် ပြည်သူ့လွှတ်တော်က စည်းကမ်းပိုင်းဆိုင်ရာ အရေးယူမှုများ ပြုလုပ်နိုင်သည်။

## ၁၁။ စီရင်ချက်

တရားလွှတ်တော်ချုပ်က အထက်ဖော်ပြပါ အချက်အလက်များကို သုံးသပ်၍ Mohamed Fahmy Hassan အပေါ် စွပ်စွဲသည့်ကိစ္စသည် ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်ဖြင့် ဆောင်ရွက်ရမည့် ကိစ္စရပ်မျှသာ ဖြစ်သည်။ ယင်းအမှုသည် ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်၏ ပြစ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၀၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၂ နှင့် ပုဒ်မ ၅၃တို့အရ သော်လည်းကောင်း၊ “လွတ်လပ်ပြီး တရားမျှတသော ဥပဒေဆိုင်ရာ အဆုံးအဖြတ်ကို ခံယူရရှိခွင့် (Due Process)” ဆိုသည့် မူသဘောတရားအရသော်လည်းကောင်း ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်ဖြင့် ဆောင်ရွက်သင့်သည့် ကိစ္စရပ်သာဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် အလားတူ ပြစ်မှုများတွင် သက်သေခံချက်များ တရားဝင် မတင်ပြနိုင်သည့် အခြေအနေ၌ စွပ်စွဲခံရသူအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လူတစ်ဦး၏ အခွင့်အရေးနှင့် လွတ်လပ်မှုကို

အကာအကွယ်ပေးခြင်းနှင့် မျှတသည့်စစ်ဆေးမှုရှိရန် လိုအပ်သကဲ့သို့ ပြစ်မှုဆိုင်ရာ အမိန့်ချမှတ်ပြီးနောက်တွင် တရားမမှု စွဲဆိုရန်အတွက်လည်း အခွင့်အရေးများ ရှိနေသည်။

ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်က Mohamed Fahmy Hassan အပေါ် အရေးယူဆောင်ရွက်ခြင်းသည် တူညီသော ပြစ်မှုတစ်ခုအား ဆုံးဖြတ်ရန် မတူကွဲပြားသော စံသတ်မှတ်ချက်များဖြင့် ဆောင်ရွက်ပြီးနောက် အပြစ်ရှိကြောင်း ချမှတ်လိုက်သည့်အခါ **မည်သူမှ တူညီသော ကျူးလွန်မှုအတွက် နှစ်ကြိမ်ပြစ်ဒဏ်စီရင်ခြင်း မခံစေရ** (Double Jeopardy) ဆိုသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အာမခံထားမှုကြောင့် နိုင်ငံတော်သည် Mohamed Fahmy Hassan အပေါ် ပြစ်မှုဆိုင်ရာ တရားစီရင်ရေး စနစ်မှ တစ်ဆင့် တရားစွဲဆိုပိုင်ခွင့် ဆုံးရှုံးသွားမည့်အပြင် Mohamed Fahmy Hassan သည်လည်း ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်က စစ်ဆေးစီရင်သင့်သည့် ပြစ်မှုဆိုင်ရာ ကိစ္စရပ်အတွက် ၎င်းမကျူးလွန်ကြောင်း သူ၏ဂုဏ်သိက္ခာအတွက် ထုတ်ဖော်ပြောကြားခွင့်လည်း ဆုံးရှုံးသွားမည် ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "ပြည်သူ့လွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ တွေ့ရှိချက်" ဟု အတိအလင်း ပြဋ္ဌာန်းထားချက်ရှိသော်လည်း ယင်းပြဋ္ဌာန်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်ခန့်အပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ထုတ်ပယ်နိုင်သည့် အကြွင်းမဲ့ဆုံးဖြတ်ပိုင်ခွင့်အာဏာအပ်နှင်းထားခြင်း ဖြစ်သည်ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် အကြောင်းမရှိပေ။

အဘယ့်ကြောင့်ဆိုသော် ထိုကဲ့သို့ အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသော အခြေခံအခွင့်အရေးများ၊ ဥပဒေစိုးမိုးရေးတို့နှင့် ဆန့်ကျင်နေပေလိမ့်မည်။ ပြည်သူ့လွှတ်တော် ကော်မတီ၏ လုပ်ထုံးလုပ်နည်းများသည် တရားမျှတခြင်း ၊ အကျိုးအကြောင်း ခိုင်လုံခြင်း ၊ ဓမ္မဓိဋ္ဌာန်ကျခြင်း ၊ လွတ်လပ်ပြီးတရားမျှတသော ဥပဒေဆိုင်ရာ အဆုံးအဖြတ်ကို ခံယူရရှိပိုင်ခွင့်ရှိခြင်း ဆိုသည့် မူသဘောတရားနှင့် ကိုက်ညီရမည့်အပြင် အကြောင်းအရာတိုင်းတွင် တရားဥပဒေစိုးမိုးမှု ရှိသင့်သည်။ ပြည်သူ့လွှတ်တော်၏ လွတ်လပ်သည့် အဖွဲ့အစည်းများ ကော်မတီမှ Mohamed Fahmy Hassanအား ရာထူးမှ ဖယ်ရှားရန် အသုံးပြုသည့် လုပ်ထုံးလုပ်နည်းများသည် အထက်တွင်ဖော်ပြခဲ့ပြီးသော လွတ်လပ်ပြီး တရားမျှတသည့် ဥပဒေဆိုင်ရာ အဆုံးအဖြတ်ကို ခံယူရရှိပိုင်ခွင့် (Due Process) ဆိုသည့် မူသဘောတရားများနှင့် ကိုက်ညီမှု မရှိခဲ့ပေ။ ယခုကိစ္စရပ်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပုဒ်မ ၈၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၁၊ ပုဒ်မ ၄၂၊ ပုဒ်မ ၄၃၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၃၊ ပုဒ်မ ၅၄၊ ပုဒ်မ ၅၉၊ ပုဒ်မ ၆၀၊ ပုဒ်မ ၆၁၊ ပုဒ်မ ၆၂၊ ပုဒ်မ ၆၃၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၅၊ ပုဒ်မ ၆၇၊ ပုဒ်မ ၆၈၊ ပုဒ်မ ၆၉၊ ပုဒ်မ ၁၄၄၊ ပုဒ်မ ၂၆၈နှင့် ပုဒ်မ ၂၉၉ တို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်ဖြစ်ပါသည်။ ထို့ပြင် Mohamed Fahmy Hassanအား ရာထူးမှ ဖယ်ရှားရန် ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများနှင့် ၎င်းအား နိုင်ငံ့

ဝန်ထမ်း ကော်မရှင် ဥက္ကဋ္ဌရာထူးမှ ဖယ်ရှားခြင်းသည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း ညီညွတ်မှု မရှိပေ။

ထို့ကြောင့် တရားလွှတ်တော်ချုပ် တရားသူကြီးများက ပြည်သူ့လွှတ်တော်သည် Mohamed Fahmy Hassanအား ရာထူးမှ ဖယ်ရှားရန် ဆောင်ရွက်ခဲ့သည့် လုပ်ထုံးလုပ်နည်းများ နှင့်၎င်းအား နိုင်ငံ့ဝန်ထမ်းကော်မရှင် ဥက္ကဋ္ဌရာထူးမှ ဖယ်ရှားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိ၍ ပျက်ပြယ်ပါကြောင်း တညီတညွတ်တည်း ဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

## ၁၂။ သုံးသပ်တင်ပြချက်

မော်ဒိုက်နိုင်ငံသည် ပါတီစုံဒီမိုကရက်တစ်သမ္မတနိုင်ငံဖြစ်ပြီး ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၁၀ တွင် "အစ္စလာမ်ဘာသာကို မော်ဒိုက်နိုင်ငံ၏ နိုင်ငံတော်ဘာသာအဖြစ် သတ်မှတ်ထားပြီး အစ္စလာမ် ဘာသာသည် မော်ဒိုက်နိုင်ငံ ဥပဒေအားလုံး၏ အခြေခံအချက်များအနက် တစ်ခုဖြစ်ရ မည့်အပြင် အစ္စလာမ်အယူဝါဒနှင့် ဆန့်ကျင်သည့် မည်သည့်ဥပဒေမျှ မပြဋ္ဌာန်းရ" ဟု ပြဋ္ဌာန်း ထားသည့်အတွက် မော်ဒိုက်နိုင်ငံသည် ၎င်းတို့၏ ဘာသာရေးသက်ဝင်ယုံကြည်မှုအပေါ် အားကောင်းသည့် နိုင်ငံတစ်နိုင်ငံအဖြစ် လေ့လာတွေ့ရှိရပါသည်။

အမှုနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်က ပြည်သူ့လွှတ်တော်သည် Mohamed Fahmy Hassanအား ရာထူးမှ ဖယ်ရှားရန် အသုံးပြုသည့် လုပ်ထုံးလုပ်နည်းများနှင့် Mohamed Fahmy Hassanအား နိုင်ငံ့ဝန်ထမ်းကော်မရှင် ဥက္ကဋ္ဌရာထူးမှ ဖယ်ရှားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိ၍ ပျက်ပြယ်ကြောင်း ၂၀၁၃ ခုနှစ် မတ်လတွင် ဆုံးဖြတ်ချက် ချမှတ်ခဲ့သော်လည်း ပြည်သူ့လွှတ်တော်က Mohamed Fahmy Hassan ကို ၎င်း၏ရာထူးအား ပြန်လည်ပေးအပ်ခြင်း မရှိခဲ့သည့်အပြင် ၂၀၁၃ ခုနှစ် နိုဝင်ဘာလတွင် ၎င်းနေရာအတွက် အစားထိုးခန့်အပ်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၄၅အရ တရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည် အပြီးပြတ်အတည်ဖြစ်သော်လည်း ယခုအမှုတွင် ပြည်သူ့လွှတ်တော်အနေဖြင့် Mohamed Fahmy Hassan ကို ရာထူးပြန်လည်ပေးအပ်ခြင်း မရှိသည်ကို လေ့လာသိရှိရပါသည်။

မော်ဒိုက်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၇ တွင် နိုင်ငံ့ဝန်ထမ်းကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးကို ရာထူးမှဖယ်ရှားခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်တွင် "ပုဒ်မ ၁၈၇ (က) တွင် ဖော်ပြ ထားသော အကြောင်းပြချက်များဖြင့်သာ နိုင်ငံ့ဝန်ထမ်းကော်မရှင် အဖွဲ့ဝင်တစ်ဦးကို ရာထူးမှ ဖယ်ရှားခြင်းနှင့် ပုဒ်မ (ခ) တွင်ဖော်ပြထားသည့်နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်–

(က) အကျင့်သိက္ခာပျက်ပြားခြင်း၊ အရည်အချင်းပျက်ယွင်းခြင်းနှင့် သတ်မှတ်အရည်အချင်းမပြည့်စုံခြင်း၊ နှင့်

(ခ) ပြည်သူ့လွှတ်တော်ကော်မတီတစ်ရပ်ရပ်က နိုင်ငံ့ဝန်ထမ်းကော်မရှင်အဖွဲ့ဝင် တစ်ဦးဦးသည် အပိုဒ်(က)ပါ အချက်များကို ချိုးဖောက်ကြောင်း တွေ့ရှိရပါက အဆိုပါ တွေ့ရှိချက်အပေါ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကိုယ်စားလှယ်အများစု၏ထောက်ခံ အတည်ပြုချက်ဖြင့် ရာထူးမှဖယ်ရှားနိုင်ပြီး ယင်းအဖွဲ့ဝင်သည်လည်း ရာထူးမှ ဖယ်ရှားခြင်းခံရသည်ဟု မှတ်ယူရမည်” ဟူ၍ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။

ပြည်သူ့လွှတ်တော်သည် အထက်ဖော်ပြပါပုဒ်မ ၁၈၇ ကို အကိုးအကားပြုကာ Mohamed Fahmy Hassanအား နိုင်ငံ့ဝန်ထမ်းကော်မရှင် ဥက္ကဋ္ဌရာထူးမှ ဖယ်ရှားခဲ့ခြင်းဖြစ်ပါသည်။

ပြည်သူ့လွှတ်တော် ကိုးကားသည့် ပုဒ်မ ၁၈၇ (ခ)နှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်က “ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ တွေ့ရှိချက်” ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားချက်ရှိသော်လည်း ယင်းပြဋ္ဌာန်းချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တရားဝင်ခန့်အပ်ထားသည့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကို ထုတ်ပယ်နိုင်သည့် အကြွင်းမဲ့ဆုံးဖြတ်ပိုင်ခွင့်အာဏာအပ်နှင်းထားခြင်း ဖြစ်သည်ဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် အကြောင်းမရှိပေ ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။

ထိုကဲ့သို့ ဥပဒေပြုမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့အကြား ပွတ်တိုက်မှု တစ်ခုသည် အဖွဲ့အစည်းများအကြား ဥပဒေများကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပဋိပက္ခဖြစ်မှု၏ ထင်ရှားသော ဥပမာတစ်ခုပင်ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**၁၃။ တရားလွှတ်တော်ချုပ်၏ စီရင်ချက်တွင် ကိုးကားခဲ့သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပုဒ်မများအား အသေးစိတ်တင်ပြခြင်း**

**ပုဒ်မ ၈ – ဖွဲ့စည်းပုံအခြေခံဥပဒေ၏ လွှမ်းမိုးကြီးစိုးမှု**

နိုင်ငံတော်၏ အာဏာများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးရမည်။

**ပုဒ်မ ၁၇ – ခွဲခြားဆက်ဆံမှုမပြုခြင်း**

(က) လူတိုင်းလူတိုင်းသည် လူမျိုး၊ မျိုးရိုးဇာတိ၊ အသားအရောင်၊ ကျား/မ ၊ အသက်၊ စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မသန်စွမ်းမှု၊ နိုင်ငံရေး သို့မဟုတ် အခြားထင်မြင်ချက်၊ ပိုင်ဆိုင်မှု၊ မွေးဖွားခြင်း သို့မဟုတ် အခြားအခြေအနေ သို့မဟုတ် မွေးဖွားရာကျွန်း အပါအဝင် မည်သည့် အကြောင်းအရာနှင့်မျှ ခွဲခြားဆက်ဆံခြင်းမပြုရဘဲ ဤအခန်းတွင်ပါရှိသော အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ခံစားခွင့်ရှိသည်။

**ပုဒ်မ ၂၀ – တန်းတူညီမျှမှု**

လူတစ်ဦးချင်းစီသည် ဥပဒေရှေ့မှောက်တွင် တန်းတူရည်တူဖြစ်ပြီး ဥပဒေအရ သာတူညီမျှ အကာအကွယ် ရပိုင်ခွင့် နှင့် တန်းတူညီမျှအကျိုးခံစားခွင့်ရှိသည်။

**ပုဒ်မ ၂၁ – အသက်ရှင်သန်ခွင့်**

လူတိုင်းလူတိုင်းသည် လူတစ်ယောက် ခံစားခွင့်ရှိသည့် လွတ်လပ်ခွင့်၊ လုံခြုံခွင့် နှင့် အသက်ရှင်သန်ခွင့် တို့ရှိပြီး ဤဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၁၆ အရ ပြဋ္ဌာန်းထားသည့် ဥပဒေမှတစ်ပါး အတိုင်းအတာတစ်ခုအထိ ၎င်းတို့၏ အခွင့်အရေးဆုံးရှုံးခွင့် မရှိစေရ။

**ပုဒ်မ ၄၂ – တရားမျှတမှုနှင့်ပွင့်လင်းမြင်သာမှုရှိသည့် ကြားနာမှုများ**

(က) လူတိုင်းသည် ဥပဒေအရ ဖွဲ့စည်းထားသော ခုံရုံး သို့မဟုတ် လွတ်လပ်သော တရားရုံးတစ်ရုံးက သင့်လျော်သည့် အချိန်တစ်ခုအတွင်း လူတစ်ဦးတစ်ယောက်၏ အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ သို့မဟုတ် ပြစ်မှုဆိုင်ရာ စွဲချက် တစ်ခုခုနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက် ချမှတ်ရာတွင် တရားမျှတသော ပြည်သူ့ ကြားနာမှုကို ခံစားခွင့်ရှိသည်။

(ခ) မော်ဒိုက်ရှိ တရားစီရင်ရေး လုပ်ငန်းစဉ်အားလုံးကို တရားမျှတမှု၊ ပွင့်လင်းမြင်သာမှုနှင့် ဘက်မလိုက်မှုတို့ဖြင့် ဆောင်ရွက်ရမည်။

(ဂ) မည်သည့်ကိစ္စရပ်ကိုမဆို အမှုစစ်ဆေးခြင်းကို လူသိရှင်ကြား ဆောင်ရွက်ရမည် ဖြစ်သော်လည်း တရားသူကြီးသည် ဒီမိုကရေစီစံနှုန်းများနှင့်အညီ စစ်ဆေးမှု၏ တစ်စိတ်တစ်ပိုင်း ကို ဖြစ်စေ ၊ အားလုံးကိုဖြစ်စေ အများပြည်သူဆိုင်ရာကြားနာခြင်းမှ ခြွင်းချက်ထားနိုင်သည်-

(၁) ပြည်သူ့အကျိုးစီးပွား ၊ အများပြည်သူဆိုင်ရာအမိန့် သို့မဟုတ် နိုင်ငံတော်လုံခြုံရေး ဆိုင်ရာ ကိစ္စများ၊

(၂) အရွယ်မရောက်သေးသူ သို့မဟုတ် ပြစ်မှုကျူးလွန်ခံရသူများ၏ အကျိုးစီးပွားနှင့် သက်ဆိုင်သော ကိစ္စရပ်များ သို့မဟုတ်

(၃) တရားမျှတမှု ထိခိုက်စေမည့် အခြား ထူးခြားမှုရှိသည့် အခြေအနေများ၊

(ဃ) တရားရုံးသည် ပုဒ်မ (ဂ) တွင်ဖော်ပြထားသည့် အကြောင်းအရာများမှလွဲ၍ သီးခြား အမိန့် ထုတ်ထားခြင်း မရှိပါက တရားရုံးတစ်ခု၏ စီရင်ချက် သို့မဟုတ် အမိန့်အားလုံးကို လူသိရှင်ကြား ထုတ်ပြန်ကြေညာရမည်။ ထုတ်ပြန်ထားသော စီရင်ချက် သို့မဟုတ် အမိန့်များ အားလုံးကို အများပြည်သူ သိရှိစေရမည်။

## ပုဒ်မ ၄၃– တရားမျှတသော စီမံခန့်ခွဲရေးဆိုင်ရာဆောင်ရွက်ခြင်း

(က) လူတိုင်းသည် လုပ်ထုံးလုပ်နည်းအရ တရားမျှတပြီး ဥပဒေနှင့်အညီ မြန်ဆန်သည့် စီမံခန့်ခွဲ ရေးဆိုင်ရာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

(ခ) စီမံခန့်ခွဲရေး လုပ်ဆောင်ချက်ကြောင့် ဆိုးရွားစွာ ထိခိုက်နစ်နာခဲ့ရသူ မည်သူမဆို စာဖြင့် တိုင်ကြားပိုင်ခွင့်ရှိသည်။

(ဂ) လူတစ်ဦး၊ အုပ်စုတစ်စု သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ဆောင် ချက်ကြောင့် ဆိုးရွားစွာ ထိခိုက်လာပါက ထိုပုဂ္ဂိုလ်၊ အုပ်စုတစ်စု သို့မဟုတ် ယင်းလုပ်ရပ်ကြောင့် တိုက်ရိုက်ထိခိုက်ခံရသူ မည်သူမဆို ယင်းကိစ္စနှင့်စပ်လျဉ်း၍ တရားရုံးသို့ လျှောက်ထားခွင့်ရှိသည်။

## ပုဒ်မ ၅၀ – အချိန်မီ စုံစမ်းစစ်ဆေးပြီးနောက် ပြစ်မှုကြောင်းအရ တရားစွဲဆိုခြင်း

စွဲဆိုထားသော ပြစ်မှုတစ်ရပ်ရပ်ကို စစ်ဆေးရန် စုံစမ်းစစ်ဆေးရေး အာဏာပိုင် များထံ အကြောင်းကြားပြီးနောက် အစိုးရရှေ့နေချုပ်က တတ်နိုင်သမျှ အမြန်ဆုံး စွဲချက် တင်ရမည်ဖြစ်ပြီး ယင်းအမှုကို ဆောလျင်စွာ စုံစမ်းစစ်ဆေးရမည် ဖြစ်သည်။

## ပုဒ်မ ၅၁ – စွပ်စွဲခံရသူ၏အခွင့်အရေး

ပြစ်မှုတစ်ခုဖြင့် တရားစွဲဆိုခံရသူတိုင်းတွင် အောက်ဖော်ပြပါ အခွင့်အရေးရှိသည်-

(က) စွပ်စွဲခံရသူ နားလည်မည့်ဘာသာစကားဖြင့် ပြစ်မှု၏ အကြောင်းအရာ အသေး စိတ်အား စွပ်စွဲခံရသူအား နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ရှင်းပြပေးခွင့်၊

(ခ) သင့်လျော်သောအချိန်အတွင်း စုံစမ်းစစ်ဆေးခံရပိုင်ခွင့်၊

(ဂ) သက်သေခံရန် အတင်းအကြပ် တိုက်တွန်းမခံစေရ၊

(ဃ) အမှုများစစ်ဆေးရာတွင် စွပ်စွဲခံရသူသည် ဘာသာစကားအခက်အခဲရှိသူ သို့မဟုတ် နားမကြားသူ သို့မဟုတ် ဆွံ့အသူဖြစ်လျှင် နိုင်ငံတော်က စကားပြန်တစ်ဦး စီစဉ်ပေးခံ ပိုင်ခွင့် ၊

(င) ၎င်းက ကာကွယ်ခုခံပြောဆိုနိုင်ရန် ပြင်ဆင်ရန်အတွက် လုံလောက်သည့်အချိန်ပေးရန်နှင့် ၎င်း၏ရှေ့နေနှင့် တိုင်ပင်ဆွေးနွေးခွင့်ပေးရန်၊

(စ) မိမိကိုယ်တိုင်သော်လည်းကောင်း၊ ရှေ့နေဖြင့်သော်လည်းကောင်း ခုခံချေပခွင့်၊

(ဆ) သက်သေများကို စစ်ဆေးသည့်အခါ တစ်ဘက်သက်သေများကိုလည်း ပြန်လှန်စစ်မေးပိုင်ခွင့်၊

(ဇ) ကျိုးကြောင်းဆီလျော်သော သံသယထက်ကျော်လွန်၍ အပြစ်ရှိကြောင်း သက်သေမပြမချင်း အပြစ်မရှိသူဟု ယူဆခွင့် ရရှိမည်။

**ပုဒ်မ ၅၃ – ရှေ့နေ၏ အကူအညီရယူမှု**

(က) လူတိုင်းတွင် အကူအညီလိုအပ်သည့် အခြေအနေတစ်ရပ်ရပ်တွင် ရှေ့နေနှင့် ဆောင်ရွက်ခွင့်ရှိပါသည်။

(ခ) ကြီးလေးသောရာဇဝတ်မှုတွင် စွပ်စွဲခံရသူတစ်ဦးအတွက် နိုင်ငံတော်မှ ရှေ့နေတစ်ဦးနှင့် ရှေ့နေငှားရန် မတတ်နိုင်သော သူများကို ဥပဒေဆိုင်ရာ အကူအညီပေးရမည်။

**ပုဒ်မ၅၄ – သိက္ခာညှိုးနွမ်းစေသည့် အပြုအမူများ ပြုမူခြင်း သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခြင်း မပြုလုပ်ရ**

မည်သည့်ပုဂ္ဂိုလ်မဆို ရက်စက်ကြမ်းကြုတ်သော၊ လူသားမဆန်သော သို့မဟုတ် လူ့သိက္ခာ ညှိုးနွမ်းစေသည့် အပြုအမူများကို ပြုမူခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်း သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို မပြုလုပ်ရ။

**ပုဒ်မ ၆၀ – တရားခံအပေါ် ပြစ်မှုတစ်ခုတည်းအပေါ်၌ နှစ်ကြိမ်စစ်ဆေးစီရင်မှုကို တားမြစ်ခြင်း (Prohibition of double jeopardy)**

(က) စွပ်စွဲခံရသူတစ်ဦးအား တရားရုံးက ပြစ်မှုတစ်ခုမှ အပြီးအပြတ်လွှတ်လိုက်ပါက တူညီသော သို့မဟုတ် အကြောင်းအရာတူ ပြစ်မှုအတွက် ထပ်မံစစ်ဆေးခြင်း မပြုရ။ ထို့ပြင် စွပ်စွဲခံရသူသည် ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တူညီသော သို့မဟုတ် အကြောင်းအရာတူ ပြစ်မှုမျိုးအတွက် ထပ်မံစစ်ဆေးခြင်း သို့မဟုတ် အပြစ်ပေးခြင်း မပြုရ။

(ခ) ပုဒ်မ (က) တွင်ဖော်ပြထားသော ပြဋ္ဌာန်းချက်သည် ပြစ်မှုနှင့် စပ်လျဉ်းသည့် အယူခံမှုနှင့် အကျုံးဝင်ခြင်းမရှိပေ။

## ပုဒ်မ ၆၃ – အခြေခံအခွင့်အရေးများနှင့် မကိုက်ညီသော ဥပဒေများကို ပျက်ပြယ်စေခြင်း

ဤအခန်းက အာမခံထားသော အခြေခံအခွင့်အရေးများ သို့မဟုတ် လွတ်လပ်ခွင့်များကို ဆန့်ကျင်သော မည်သည့်ဥပဒေ သို့မဟုတ် ဥပဒေ၏ မည်သည့် အစိတ်အပိုင်းမဆို ပျက်ပြယ်သည် သို့မဟုတ် ထိုကဲ့သို့ ကိုက်ညီမှုမရှိသည့် ကိစ္စရပ်များသည် အတိုင်းအတာတစ်ခုအထိ ပျက်ပြယ်စေရမည်။

## ပုဒ်မ ၆၄ – ဥပဒေနှင့်ဆန့်ကျင်သော အမိန့်များကို မလိုက်နာခြင်း

ဥပဒေအရ တာဝန်ရှိသည့် အာဏာပိုင်များက ထုတ်ပြန်သည့် အမိန့်များမှအပ ဥပဒေနှင့် ဆန့်ကျင်နေသည့် အမိန့်များသည် နိုင်ငံသားတို့အပေါ် အကျိုးသက်ရောက်မှုမရှိစေရ။ ဥပဒေနှင့် ဆန့်ကျင်နေသည့် အမိန့်များကိုလည်း မလိုက်နာခွင့် ရှိသည်။

## ပုဒ်မ ၆၅ – ကုစားခွင့်ရရှိရန် တရားရုံးသို့ လျှောက်ထားခြင်း

ဤအခန်းတွင် အာမခံချက်ပေးထားသည့်အတိုင်း အခွင့်အရေး သို့မဟုတ် လွတ်လပ်ခွင့်များကို ချိုးဖောက်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်းခံရသူ မည်သူမဆို တရားမျှတသော ကုစားခွင့် ရရှိရန်အတွက် တရားရုံးသို့ လျှောက်ထားနိုင်သည်။

## ပုဒ်မ ၆၇ – တာဝန်နှင့် ဝတ္တရားများ

အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းနှင့် ခံစားခြင်းသည် တာဝန်နှင့် တာဝန်များကို ထမ်းဆောင်ခြင်းတို့နှင့် အတူတကွယှဉ်တွဲနေပြီး ၎င်းတို့သည် နိုင်ငံသားတိုင်း၏ တာဝန် ဖြစ်သည်–

(က) အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို လေးစားရန်နှင့် ကာကွယ် ပေးရန်၊

(ခ) လူများနှင့် အဖွဲ့အစည်းများအကြားတွင် ခင်မင်ရင်းနှီးမှု၊ အပြန်အလှန် လေးစားမှုနှင့် သည်းခံမှုများ မွေးမြူရန်၊

(ဂ) မိမိအသိုက်အဝန်းကို အဆင့်မြင့်အောင် မြှင့်တင်ရန်နှင့် ရလာဒ်ကောင်းများ ရရှိစေရေး အထောက်အပံ့ ပေးရန်၊

(ဃ) မော်ဒိုက်၏ အချုပ်အခြာအာဏာ၊ စည်းလုံးမှု၊ လုံခြုံရေးနှင့် ဂုဏ်သိက္ခာတို့ကို မြှင့်တင် ပေးရန်၊

(င) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားဥပဒေစိုးမိုးရေးကို လေးစားလိုက်နာရန်၊

(စ) အစ္စလာမ်ဘာသာ၏ စံနှုန်းများနှင့် ကိုက်ညီသော ဒီမိုကရေစီစံနှုန်းများနှင့် အပြုအမူများကို မြှင့်တင်ရန်၊

(ဆ) အစ္စလာမ်ဘာသာ၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် တိုင်းပြည်၏ အမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊

(ဇ) သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲများ၊ သယံဇာတများနှင့် အလှတရားများကို ထိန်းသိမ်းကာကွယ်ရန်နှင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း နှင့် ဂေဟာစနစ်ယိုယွင်းမှု ဖြစ်မည့် ကိစ္စရပ်များကို ရှောင်ကြဉ်ရန်၊

(ဈ) နိုင်ငံတော်အလံ၊ နိုင်ငံတော်သင်္ကေတအမှတ်အသားနှင့် နိုင်ငံတော်သီချင်းကို လေးစားလိုက်နာရန်။

မော်ဒိုက်နိုင်ငံတွင် နေထိုင်သည့် နိုင်ငံသားတိုင်းသည် အထက်ပါတာဝန်များကို လေးစားလိုက်နာရမည်။

## ပုဒ်မ ၆၈ – အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း

တရားရုံးတစ်ရုံး သို့မဟုတ် ခုံရုံးသည် ဤအခန်းတွင်ပါရှိသော အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ကျင့်သုံးခြင်းများကို ဆောင်ရွက်သည့်အခါ လူ့ဂုဏ်သိက္ခာ၊ တန်းတူရည်တူရှိမှုနှင့် လွတ်လပ်မှုတို့ကို အခြေခံပြီး ပွင့်လင်းမြင်သာမှုရှိသည့် ဒီမိုကရေစီ လူ့အဖွဲ့အစည်း၏ တန်ဖိုးများကို မြှင့်တင်ပေးရမည်။ မော်ဒိုက်နိုင်ငံက လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များကို ထည့်သွင်းစဉ်းစားရမည်။

## ပုဒ်မ ၆၉ – ဖွဲ့စည်းပုံအခြေခံဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပျက်စီးမသွားစေခြင်း

ဤဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားသည့် လွတ်လပ်ခွင့်များနှင့် အခွင့်အရေးများအား ပျက်စီးစေနိုင်သည့် လုပ်ပိုင်ခွင့်တစ်ရပ်အား ပြည်သူ့လွှတ်တော်ကိုသော်လည်းကောင်း၊ အဖွဲ့အစည်း တစ်ခုခုကိုသော်လည်းကောင်း၊ လူပုဂ္ဂိုလ်ကိုသော်လည်းကောင်း အပ်နှင်းထားသည့် သဘောသက်ရောက်စေမည့် ပုံစံအားဖြင့် ဤအခြေခံဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်ကိုမျှ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း မပြုရ။

## ပုဒ်မ ၁၄၄ – ဖွဲ့စည်းပုံအခြေခံဥပဒေ အပေါ် ဆုံးဖြတ်ခွင့် အာဏာ

တရားရုံးတစ်ခုက ၎င်း၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ကိစ္စရပ်ကို ဆုံးဖြတ်သည်။

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိသော ပြည်သူ့လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နေသည့် မည်သည့်အဖွဲ့အစည်း၊ စည်းမျဉ်း သို့မဟုတ် အမိန့်၊ ဆုံးဖြတ်ချက် သို့မဟုတ် လုပ်ဆောင်ချက်တို့ကို အကျုံးမဝင်ကြောင်း ကြေညာခြင်း၊

(ခ) အောက်ဖော်ပြပါကိစ္စရပ်များတွင် ပုဒ်မ (ခ) အရ တရားမျှတပြီး သာတူညီမျှသော အမိန့် တစ်ရပ်ကို ထုတ်ပြန်နိုင်သည်-

(၁) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆန့်ကျင်သော ဆောင်ရွက်ချက်များ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများနှင့် ပြဋ္ဌာန်းချက်များကြောင့် လူတစ်ဦးကိုဖြစ်စေ လူအုပ်စု လိုက်ကိုဖြစ်စေ ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်လျှင် ယင်းတို့အတွက် လျော်ကြေး ပေးရန် အမိန့်ချမှတ်ခြင်း၊

(၂) ဥပဒေတစ်ရပ်ရပ် သို့မဟုတ် စည်းမျဉ်းစည်းကမ်းတစ်ခုခု သို့မဟုတ် ပြုလုပ်မှု တစ်ခုခုသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက အဆိုပါ ညီညွတ် ခြင်းမရှိသည်များကို အခွင့်ရှိသူအာဏာပိုင်က ပြန်လည်ပြင်ဆင်ပြီးသည့် အချိန် ကာလ အတိုင်းအတာတစ်ခုအထိ သတ်မှတ်ချက်ထား၍ အဆိုပါပြုလုပ်မှု သို့မဟုတ် စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေတို့၏ အာဏာသက်ဝင်မှုကို ရပ်ဆိုင်းထား သည့် ကြေညာချက်ကို ထုတ်ပြန်နိုင်ခြင်း၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှုမရှိသော အများပြည်သူ ဆိုင်ရာ လုပ်ငန်း ဆောင်တာများ ဆောင်ရွက်နေသည့် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦး၏ ဆောင်ရွက်မှု သို့မဟုတ် ဆုံးဖြတ်ချက်၊ အမိန့်များ နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်၊ စည်းမျဉ်းစည်းကမ်း သို့မဟုတ် အစိတ်အပိုင်းတစ်ခုခု၏ တရားမဝင်ကြောင်း ကြေညာချက်အား နောက်ကြောင်းပြန် ဆောင်ရွက်ခွင့် (retrospective effect) ကို ကန့်သတ်သည့် အမိန့် ထုတ်ပြန်နိုင်ခြင်း၊

**ပုဒ်မ ၂၆၈ – ဖွဲ့စည်းပုံအခြေခံဥပဒေ၏လွှမ်းမိုးမှု**

မော်ဒိုက်နိုင်ငံ၏ ဥပဒေအားလုံးသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြဋ္ဌာန်းရမည် ။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသော မည်သည့်ဥပဒေမဆို သို့မဟုတ် အစိတ်အပိုင်း တစ်ခုခုသည် ညီညွတ်မှုမရှိသည့် အတိုင်းအတာတစ်ခုအထိ ပျက်ပြယ်စေပြီး စည်းနှောင်မှု နှင့် အကျိုးသက်ရောက်မှု မရှိပေ။ ဤဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်ထားသော တာဝန်များကို လိုက်နာရမည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်သော မည်သည့် အပြု အမူမျိုး မဆို တရားမဝင်ပေ။

## ပုဒ်မ ၂၉၉ – ဖွဲ့စည်းပုံအခြေခံဥပဒေကို လေးစားလိုက်နာခြင်း

(က) အုပ်ချုပ်ရေး၊ ပြည်သူ့လွှတ်တော်၊ တရားစီရင်ရေး၊ လွတ်လပ်သော ကော်မရှင်များနှင့် လွတ်လပ်သောရုံးများရှိ ပုဂ္ဂိုလ်များ၊ နိုင်ငံရှိ အဖွဲ့အစည်းအားလုံး၊ နိုင်ငံတွင် မည်သည့်ရာထူးမဆို ရယူထားသည့် ပုဂ္ဂိုလ်များအားလုံးနှင့် နိုင်ငံသားအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည်။ ဥပဒေတွင် ပြဋ္ဌာန်းထားခြင်း မရှိခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပေးအပ်ထားသည့် အခြေခံအခွင့်အရေး သို့မဟုတ် လွတ်လပ်မှုကို ချိုးဖောက်ရန် အတွက် အကြောင်းပြချက် မဖြစ်စေရ။

(ခ) ပုဒ်မ (က) ပါ အချက်များ ပြဋ္ဌာန်းထားသော်လည်း–

(၁) ပြည်သူ့လွှတ်တော်သည် လွှတ်တော်စတင်ကျင်းပသည့်အချိန်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသော ဥပဒေများ သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းများကို ဆောင်ရွက်ရမည်။ အုပ်ချုပ်ရေး အဖွဲ့သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ စတင်သည့် ရက်မှ ရက်ပေါင်း သုံးဆယ် အတွင်း ယင်းဥပဒေများ၏စာရင်း သို့မဟုတ် တစ်စိတ်တစ်ဒေသကို ပြည်သူ့လွှတ် တော်ထံသို့ တင်ပြရမည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ စတင်သည့် ရက်ပေါင်း ကိုးဆယ် အတွင်း ပြည်သူ့ လွှတ်တော်က ယင်းဥပဒေများကို ပြင်ဆင်ရန် သို့မဟုတ် ရုပ်သိမ်းရန်အတွက် လုပ်ငန်းစဉ်ကို ရေးဆွဲအတည်ပြုရမည်။

(၂) ပြည်သူ့လွှတ်တော်သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အကျိုးသက်ရောက်မှုရှိ စေရန် လိုအပ်သည့်ဥပဒေများကို စတင်ဆောင်ရွက်သည့်အချိန်မှ အတည်ပြု ပြဋ္ဌာန်းပြီးသည့်တိုင် အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို အတည်ပြုရမည်။ အုပ်ချုပ်ရေးအဖွဲ့သည် ဤဖွဲ့စည်းပုံအခြေခံဥပဒေ စတင်သည့် ရက်ပေါင်းသုံးဆယ်အတွင်း ယင်းဥပဒေများကို စာရင်းပြုစုပြီး ပြည်သူ့ လွှတ်တော် ထံ တင်ပြရမည်။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ စတင်သည့် ရက်ပေါင်း ကိုးဆယ် အတွင်း ပြည်သူ့လွှတ်တော်သည် ယင်းဥပဒေများ စတင်အကောင်အထည်ဖော် ရန်နှင့် အတည်ပြုပြဋ္ဌာန်းရန် လုပ်ငန်းစဉ်ကို ရေးဆွဲ အတည်ပြုရမည်။